# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့အစီအစဉ်

# [ ၁၈-၇-၂၀၁၃] ( ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **အစိုးရသစ်လက်ထက်တွင် ဆည်မြောင်း၊ ကန်ချောင်းများ ထင်သာမြင်သာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရန် အစီအစမံများရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်(ကိုယ်စား) ဦးစိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **နားဝါ ကျေးရွာအနီးတွင် ရေလှောင်တာတမံ တစ်ခု တည်ဆောက်ပေးနိုင်ပါရန်နှင့် မည်သည့် ကာလတွင် ဆောင်ရွက်ပေးနိုင်မည်၊ မဆောင်ရွက်နိုင်ပါက မည်ကဲ့သို့ ဖြေရှင်းပေးမည်ကိုသိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အတွင်းရှိ ဆည်မြောင်း တာတမံ၊ အစိုးရတာ၊ လယ်သမားတာများကို ဆည်ဖို့ရာတွင် ရေငံ တားတမံ(ကာရီ)များ ဖြစ်နိုင်ရန် အစိုးရဌာနပိုင်၊ စက်ယန္တရား အရေအတွက်ကိုတိုးချဲ့ချထားပေးနိုင်ခြင်းရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မိုင်းပုတ်ကျေးရွာ အုပ်စု၊ နောင်ခိုက်စိုက်ကွင်းတွင် စိုက်ပျိုးရေ မရရှိသဖြင့် မြောင်းလက်တံဟောင်းများကို ပြန်လည်တူးဖော်ရန်နှင့် ရေကာတာ၊ ရေလွှဲမြောင်းများ (Fall)များကို ဌာနမှ စနစ်တကျ စီမံခန့်ခွဲ၍ ရေခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **လွယ်ပန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ပေ(၆၀×၃၀) ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်နေသော ရန်ပုံငွေကို ခွင့်ပြုချထား ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်(ကိုယ်စား) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ဆွမ္မရာမြို့နယ်အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအေးဟန်၊ ပေါက်ခေါင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်တွင် ရှိသော ကျေးရွာများမှ စာသင်ကျောင်းများအား ပြန်လည်ပြုပြင် မွမ်းမံပေးနိုင်မှုရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးဉာဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ် အတွင်းရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ အ-မ-က (၁၉) မူလွန်၊ အ-မ-က(၂၂)မူလွန်၊ အ-မ-က(၃၁)မူလွန်ကျောင်းများ၏ ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **ဂွမြို့တောင်ညိုကြီးပြင် ကာကွယ်တော အား ပြန်လည် တိုင်းထွာသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **သဘာဝသစ်တောကြီးများမှ တရားဝင်၊တရားမဝင် သစ်ခုတ်၍ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချ ဝင်ငွေရှာခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းသော **“ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီက **“ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ **“ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။